Ta'ang Political Consultative Committee
တအာင်းနိုင်ငံရေး အတိုင်ပင်ခံကော်မတီ
ထုတ်ပြန်ချက်အမှတ် ၀၁/၂၀၂၁
ရက်စွဲ-၂၀၂၁ခုနှစ်၊ဧပြီလ(၁၈)ရက်

Ta'ang Political Consultative Committee-TPCC ထုတ်ပြန်ကြေညာချက်

၁။ တအာင်း(ပလောင်) လူမျိုးတို့အနေဖြင့် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးဖြစ်တည်မှုနှင့်အညီ မိတ်ဖက်အဖွဲ့အစည်းများနှင့်လက်တွဲ၍ မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် တအာင်းနိုင်ငံရေးအင်အားစုများတို့က ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် တွေ့ဆုံညှိနှိုင်းကာ တအာင်းလူမျိုးတို့၏ နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ကိုယ်စားပြုမည့် တအာင်းနိုင်ငံရေးအတိုင်ပင်ခံကော်မတီ Ta'ang Political Consultative Committee - TPCC ကို ဖွဲ့စည်းတာဝန်ပေးလိုက်သည်။

၂။ TPCC သည် တအာင်းလူမျိုးမှ ပေးအပ်ထားသော တာဝန်များနှင့်အညီ အာဏာရှင်စနစ် အပြီးသတ်ချုပ်ငြိမ်းရေး၊ တအာင်းလူမျိုးများ အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရေး၊ တိုင်းရင်းသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတည်ဆောက်နိုင်ရေးတို့အတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့်လက်တွဲ၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

၃။ တအာင်းတမျိုးသားလုံး၏ကိုယ်စား TPCC သည် CRPH က ဖွဲ့စည်းသော '**အမျိုးသားညီညွတ်ရေးအစိုးရ**'ကို ထောက်ခံကြိုဆိုပါသည်။ ထို့အပြင် အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီနှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီတို့တွင်လည်း တော်လှန်ရေးပန်းတိုင်အောင်မြင်သည်အထိ TPCC မှ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

Ta'ang Political Consultative Committee
တအာင်းနိုင်ငံရေး အတိုင်ပင်ခံကော်မတီ